မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၄၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ

ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့ကျင်းပသည့်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၈) ဦးရှိသည့်အနက် (၆၅၄) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၃၉ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး နဝမနေ့အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် *စာမျက်နှာ ၃ ကော်လံ ၁* *

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ စည်းလုံးညီညွတ်စွာ နေ့မအား ညမနား နှစ်ပေါင်း (၂၀)ကျော် ကြိုးပမ်းဖော်ဆောင်ခဲ့ကြပေမယ့် ဒီနေ့ ဒီအချိန်အထိ နိုင်ငံနဲ့ ပြည်သူအတွက် လိုအပ်ချက်တွေအားလုံး ပြီးပြည့်စုံတဲ့အဆင့် မရောက်နိုင်သေးတာဟာ ဒီပိတ်ဆို့ဖိအားပေး နှောင့်ယှက်မှုတွေကြောင့်ဆိုတာ အထူးပြောဖို့ မလိုတော့ပါဘူး။

မောင်မှတ်၏ ဆောင်းပါး စာ – (၈၊ ၉)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်)

နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေး စာပေဗဟုသုတများ ရှာဖွေလေ့လာ

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် ရှေးနှစ်ပေါင်းများစွာကပင် ပညာရေးအခြေခံကောင်းများ ဖြစ်ထွန်းရှင်သန်လျက်ရှိသည်။

စာတတ်မြောက်ခြင်းသည် လူမှုဘဝအဆင့်အတန်းကိုသာမက မိသားစု၊ ရပ်ရွာနှင့် လူမှုအဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။ ဗဟုသုတ၊ အသိအမြင်ကြွယ်ဝလာပြီး တွေးခေါ်မှုပိုင်းဆိုင်ရာတွင်လည်း ဝေဖန်ပိုင်းခြား သိမြင်လာပေသည်။ သို့ဖြစ်၍ စာတတ်ပြီး စာများများဖတ်ရန် လိုအပ်သည်။

စာပေသည် အသိအလိမ္မာ ဉာဏ်ပညာထွန်းကားရေး၊ ဗဟုသုတကြွယ်ဝရေးအတွက် မီးရှူးတန်ဆောင် ဖြစ်သည်။ ရှေးခေတ်စာပေပညာရှင်များ ရေးသားပြုစုခဲ့သည့် စာပေများသည် ယနေ့တိုင်ထင်ရှားလျက်ရှိပြီး တန်ဖိုးမဖြတ်နိုင်သော စာကောင်းပေမွန်များဖြစ်သည်။

ယနေ့အချိန်တွင် ကျေးလက်နှင့် နယ်စပ်ဒေသ အပါအဝင် ပြည်သူများ စာပေဗဟုသုတတိုးပွားပြီး အသိပညာမြင့်မားရေးအတွက် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။

စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် ကျေးလက်ပြည်သူများ၏ စာပေဖတ်ရှုမှု၊ အသိပညာတိုးပွားမှုအတွက် များစွာအထောက်အကူပြုသည်။ ယခုအခါ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လူ့အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်မည့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို ဖွဲ့စည်းထားပြီးဖြစ်သည်။

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအဖွဲ့သည် ကျေးလက်ပြည်သူများ စာဖတ်ရှုနိုင်မြင့်မားပြီး စာပေကို စွဲစွဲမြဲမြဲ ဖတ်ရှုသည့် အလေ့အကျင့်ရရှိစေရန်နှင့် ကျေးလက်ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များကို ဆက်လက်ပံ့ပိုးနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည့် အဖွဲ့ကြီးဖြစ်သည်။

ယခုအခါ လူငယ်လူရွယ်များ၊ ကျေးလက်နေပြည်သူများ စာပေဗဟုသုတပြည့်ဝစေရန် ကျေးရွာစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ထားရာ နိုင်ငံသားတိုင်း ပညာဗဟုသုတ ပြည့်စုံကြွယ်ဝပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် စာပေဗဟုသုတများကို တစိုက်မတ်မတ် ရှာဖွေလေ့လာ မှတ်သားသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မကွေးမြို့နယ်၌ သင်တန်းဖွင့်

မကွေး ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း တိုင်းဒေသကြီးအဆင့် သင်တန်းနည်းပြများ သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက မကွေးမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ တက်ရောက် အမှာစကားပြောကြားသည်။

ကြာမြင့်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)၊ တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးထန်ဒိုးကျင့်၊ မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့မှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဝင်း၊ ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဆွေ၊ ခရိုင်မြေစာရင်းဦးစီးမှူးများနှင့် သင်တန်းသား စုစုပေါင်း ၈၀ တို့ ပါဝင်တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇီးကုန်းမြို့နယ် ဇီးကုန်း-ရွှေဖလားလမ်းပေါ်ရှိ ဇီးတောတမံ သစ်သားတံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေနေသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြော

သံတွဲ ဖေဖော်ဝါရီ ၁၈

ရေနေသယံဇာတ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီက ကျိန္တလိမြို့ လက်ပံခုံကျေးရွာတွင် ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးအောင်၊ သံတွဲဦးစီးဌာနမှူး ဦးသံချောင်း၊ မြို့နယ်ဦးစီးမှူး ဦးညီထွေးနှင့် ဝန်ထမ်းများ၊ ရေလုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်က ငါးသယံဇာတထိန်းသိမ်းရေးအတွက် သတ်မှတ်ပိုက်ကွက်များဖြင့် ဖမ်းဆီးရေး၊ ငါးမျိုးပြုန်းတီးစေသည့် အဆိပ်ချ၊ ဘက်ထရီရှော့ခ်ရိုက်ခြင်းတို့ဖြင့် မဖမ်းဆီးကြရေးနှင့် ဒီရေတော စိုက်ပျိုးထိန်းသိမ်းရေးတို့ကို ရှင်းလင်းဟောပြောကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

အမက(၁၀)မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၁၉၆၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အမက(၁၀)မြောက်ဥက္ကလာပကျောင်းတွင် ပညာသင်ကြားပို့ချခဲ့ကြသည့် သက်ပြည့်အငြိမ်းစား ဆရာ ဆရာမများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်ရှိ အမက(၁၀)အင်ကြင်းဆောင်၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁-၅၇၈၆၁၊ ဦးရွှေဦး ဖုန်း-၀၉-၅၃၀၀၉၅၃၊ ဦးစိုင်းသီဟ ဖုန်း-၀၉-၅၁၆၈၄၉၄၊ ဦးအောင်ရွှေမြင့် ဖုန်း-၀၉-၅၁၂၄၆၃၅၊ ဒေါ်ခင်သန္တာအောင် ဖုန်း-၇၃၀-၄၁၆၆၃၊ ဒေါ်မြမြသန်း ဖုန်း-၇၃၀-၁၀၅၈၅၊ ဒေါ်နွယ်နွယ်အေး ဖုန်း-၆၉၁၂၃၉နှင့် ဒေါ်တင်မာကြွယ် ဖုန်း-၆၉၉၇၁၃ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကမမောင်းမြို့ ကမမောင်း-ဖာပွန်-အုန်းတော မြို့ပတ်လမ်း ဖောက်လုပ်ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ဖာပွန်ခရိုင်ဥက္ကဋ္ဌ ဦးစောမြတ်ထွန်းဝင်း ဖေဖော်ဝါရီ ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးကျော်ကျော်လတ်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လှူဒါန်း

ကွယ်လွန်သူ မိဘများအား ရည်စူး၍ ဦးစိန်ထွန်း-ဒေါ်သိန်းတင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ခြောက်ထပ်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် နှစ်သိန်းကို ဖေဖော်ဝါရီ ၉ ရက်က လှူဒါန်းစဉ်။

(သံဃာ့ဆေးရုံ)

တစ်ချက်တည်း ကျင်းဝင်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၈

မိတ္ထီလာမြို့ ဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၃ရက်က ဒေါက်တာစိန်လွင်သည် ကစားဖော်များဖြစ်ကြသော လက်ထောက်ညွှန်ကြားရေးမှူး တင်မောင်ရွှေ၊ ဦးတိုးတိုး၊ ဦးညီညီကျော်၊ ဦးစိုင်းမြတ်ဆာတို့နှင့် ဂေါက်သီးရိုက်ကစားစဉ် ၁၃၆ကိုက်အကွာ ကျင်းအမှတ်(၄)တွင် New breed No.1 ဘောလုံးကိုTOMMY ARMOUR (No.6) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။ **(မြန်မာ့အလင်း)**

သတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နဝမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာအင်ဖိုတက်)**

* ရှေ့ဖုံးမှ

ဦးတင်အေးအား ခန့်အပ်တာဝန်ပေးသင့်ကြောင်း တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (ခ)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

တင်ပြ

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆ တို့နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒေါက်တာထွန်းရှင်အား ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပေးပို့နိုင်

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့်ပုဂ္ဂိုလ်၏ အရည်အချင်းနှင့်စပ်လျဉ်း၍စိစစ်နိုင်ရန် ၄င်း၏ကိုယ်ရေးအချက်အလက်ကို သက်ဆိုင်ရာပါတီအလိုက် ဆက်သွယ်ရန်တာဝန်ပေးထားသည့် ကိုယ်စားလှယ်က လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ (က) တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဖေဖော်ဝါရီ ၁၉ ရက် (စနေနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နဝမနေ့ အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၁ ရက်(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းကြေညာသည်။ အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကတင်ပြသော ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီ ရှစ်ခုတို့ စာချုပ်ချုပ်ဆိုပွဲ ဝန်ကြီးဦးခင်မောင်မြင့် တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီရှစ်ခုဖြစ်သော Barons Machinery & Engineering Pte., Ltd. , Sino Hydro Coporation Ltd., Gunkul Engineering Public Co.,Ltd ., United National Oil & Gas Pte ., Ltd .,Chint Electric Co., Ltd ., Supplier Global Pte., Ltd., Smart Technical Service Ltd., Central China Power Grid International Economic & Trade Co., Ltd., တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဦးဇော်မင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကုမ္ပဏီရှစ်ခုတို့မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား United National Oil & Gas Pte., Ltd . မှ Deputy Managing Director ဦးသန်းဝင်းဆွေက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လက်မှတ်ရေးထိုးလဲလှယ်

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီရှစ်ခုတို့မှ အုပ်ချုပ်မှုဒါရိုက်တာများက နေပြည်တော်(၂)ပင်မဓာတ်အားခွဲရုံ၊ လှော်ကားပင်မဓာတ်အားခွဲရုံ၊ ကမာနတ်ပင်မဓာတ်အားခွဲရုံ၊ တောင်တွင်းကြီး ပင်မဓာတ်အားခွဲရုံ၊ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံ၊ မြောင်းတကာ ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီနှင့် ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံများအတွက် လိုအပ်သောလျှပ်စစ်ပစ္စည်းများ ဝယ်ယူရန်အတွက် သဘောတူစာချုပ်များအား လက်မှတ်ရေးထိုးလဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၂ ရက်ကကျင်းပသော လှိုင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်သန်းက တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသော မောင်ကောင်းမြတ်ထွန်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဉပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၁၀ ၇။ ကဗျာပန်း
- ၈:၂၅ ၈။ အကပြိုင်ပွဲ
- ၈:၃၀ ၉။ **လူကူးမျဉ်းကျားမှ ကူးမယ်(B)**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၃၀ ၅။ Yan Can Cook
- ၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၁၇)
- ၁၃:၅၀ ၇။ **မဟော်သဓာ** (အပိုင်း-၁၉) ဖိုးသောကြာ၊ အားသစ်၊ နဒီဝင့်နိုင်၊ ပပစိုးကြည် (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
- ၁၄:၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၁၅ ၉။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ
- ၁၄:၂၀ ၁၀။ အတီးပြိုင်ပွဲ
- ၁၄:၃၅ ၁၁။ သက်တံရောင်သံစဉ်
- ၁၄:၅၀ ၁၂။ International News
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ တေးဂီတအစီအစဉ်
- ၄:၁၅ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၂၅ ၄။ ၂၀၁၁ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
- ၅:၁၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၅ ၆။ International Science News
- ၅:၃၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၀။ **အလှရှာမယ် လှကမ္ဘာဝယ်**
- ၆:၃၅ ၁၁။ ပုံတောင် တောင်ကြောဆီသို့ ခရီးတစ်ခေါက်
- ၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၂၃)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၀၀)
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၇)
- ၁၈။ ဂီတတံခါးလေးဖွင့်ပါဦး

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဖေဖော်ဝါရီ ၂ ရက်က ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အမှတ်(၁)ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့်တို့ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ် ပြန်/ဆက်)

အချိန်အခါမဲ့မိုး

၁၈-၂-၂၀၁၁

နေပြည်တော်(တပ်ကုန်း) ၀ ဒသမ ၂၈ လက်မ	ပို့ဆောင်ရေးဝန်ကြီးရုံး ၀ ဒသမ ၂၈ လက်မ	စစ်တွေမြို့ ၀ ဒသမ ၄၇ လက်မ
	နေပြည်တော်(သပြေကုန်း) ၀ ဒသမ ၂၃ လက်မ	ပင်လောင်းမြို့ ၀ ဒသမ ၄၃ လက်မ
	အမ်းမြို့ ၀ ဒသမ ၃၉ လက်မ	မိတ္ထီလာမြို့ ၀ ဒသမ ၁၅ လက်မ

ထူးခြားသည့်ညအပူချိန်များ

၁၈-၂-၂၀၁၁

ပင်လောင်းမြို့
၄ ဒီဂရီစင်တီဂရိတ်

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

● *ကျော်ဖုံးမှ*

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကယားပြည်နယ်

ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်စာရင်းရုံး၊ ညွှန်ကြားရေးမှူးအငြိမ်းစား ဒေါ်ကြည်ကြည်၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးဥပဒေအရာရှိ အငြိမ်းစား ဦးသိန်းလွင်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးစာရင်းရုံး၊ ညွှန်ကြားရေးမှူး အငြိမ်းစား ဒေါ်ခင်မော်၏ အမည်စာရင်း

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

တို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၇ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ်

ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်ဥပဒေအရာရှိ အငြိမ်းစား ဦးကပွတီအယ်လ်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်စာရင်းရုံး၊ ညွှန်ကြားရေးမှူး အငြိမ်းစား ဦးကျော်ဇံ၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၄)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၆ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်လင်း၏ အမည်စာရင်းနှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ်

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)



ခန့်အပ်တာဝန်ပေးသင့်သော စစ်ကိုင်းတိုင်းဒေသကြီး စာရင်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်အေး၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၀၁)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် တာဝန်ပေးသင့်သည့် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁၀၁)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

အဆိုပါကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် လဟယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရှုစ်ကြူးနှင့် အဖွဲ့ဝင်များအဖြစ် လဟယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝါလို၊ လေရှီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော့နား၊ နန်းယွန်းမဲဆန္ဒနယ်အမှတ်(၁)မှ ဦးယောင်ရန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုးမင်းသူတို့ ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်ဥပဒေအရာရှိ အငြိမ်းစား ဦးစိုးမြင့်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တနင်္သာရီတိုင်းဒေသကြီး စာရင်းရုံးမှ ညွှန်ကြားရေးမှူး ဦးသိန်းဟန်၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၄ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးဥပဒေအရာရှိ အငြိမ်းစား ဦးမြင့်အောင်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးဝင်း၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော *စာမျက်နှာ ၅ ကော်လံ ၁*

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

19-2 (04).pmd 1 2/19/2011, 1:50 AM

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

မကွေးတိုင်းဒေသကြီးဥပဒေအရာရှိ ဦးမောင်မောင်ဖြူတင့်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှသန်း၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၆၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးဥပဒေအရာရှိ အငြိမ်းစား ဦးရဲအောင်မြင့်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

စာရင်းရုံး၊ ညွှန်ကြားရေးမှူး အငြိမ်းစား ဦးထွန်းစံအောင်၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၇)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

(၁၃၉)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသော "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ အလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် တာဝန်ပေးသင့်သည့် အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်းလူ (ခ) ဦးထွန်းလူနှင့် အဖွဲ့ဝင်များအဖြစ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသူရိန်ဝင်းတို့ ဖြစ်ကြသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထူးကိုကိုနှင့် အဖွဲ့ဝင်များအဖြစ် ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကိုကိုနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်ဇော်လွင်တို့ ဖြစ်ကြသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးဥပဒေအရာရှိ အငြိမ်းစား ဦးကျော်မိုးနိုင်၏

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစံလွင်နှင့် အဖွဲ့ဝင်များအဖြစ် ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်အေးမောင်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်မောင်ပယ်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်လှဆန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်နောင်စိုးတို့ ဖြစ်ကြသည်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ကျော် (ခ) ဦးထွန်းကျော်နှင့် အဖွဲ့ဝင်များအဖြစ် နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး ကျော်ဇေယျာထွန်းတို့ ဖြစ်ကြသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ

ထို့နောက် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မွန်ပြည်နယ်

မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ဦးဝင်းကြည်(တရားရုံးချုပ်ရှေ့နေ)၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်စာရင်းရုံး၊ ညွှန်ကြားရေးမှူး အငြိမ်းစား ဒေါ်ခင်ခင်မျိုး၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရခိုင်ပြည်နယ် ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးလှသိန်း၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အမည်စာရင်းနှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးစာရင်းရုံး ညွှန်ကြားရေးမှူး အငြိမ်းစား ဦးမြင့်အောင်၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၂၃)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရှမ်းပြည်နယ်ဥပဒေအရာရှိ ဦးမောင်မောင်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စာရင်းစစ်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အငြိမ်းစား ဦးသိန်းမြင့်၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဦးပယ်စောက်ချိန် (ခ) ဦးဘေဆော်ချိန်နှင့် အဖွဲ့ဝင်များအဖြစ် လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင်ရှော်ချန်း(ခ) မြီရှောက်ချန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျတို့ ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးဥပဒေအရာရှိ အငြိမ်းစား ဦးချစ်ကိုကို၏ အမည်စာရင်းနှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးစာရင်းရုံး ညွှန်ကြားရေးမှူး အငြိမ်းစား ဦးသိန်းထွန်း၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၂)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၃

ရန်ကုန်တပ်နယ် နယ်မြေခံတပ်ရင်းနှင့် စုပေါင်းထမနဲထိုးပြိုင်ပွဲ
တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ မိသားစုဝင်များအား အဝတ်အထည်များ ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၆ ရက်က တိုင်းစစ်ဌာနချုပ်၌ ကျင်းပသော စုပေါင်းထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးက ပထမဆုရရှိသောအသင်းအား ပထမဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ ဦးစိန်ဝင်းလှိုင်၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များအား ထိုင်းနိုင်ငံ Board of Trade of Thailand မှ ဒုတိယဥက္ကဋ္ဌ Mr. NIYON WAIRATPANIT, နှင့် Thai Rice Exporters Association မှ ဥက္ကဋ္ဌ Miss Korbsook IAM-SURI တို့ခေါင်းဆောင်၍အဖွဲ့ဝင် ၃၅ ဦးပါဝင်သောကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲ၌ နှစ်နိုင်ငံ ဆန်စပါးလုပ်ငန်းဆောင်ရွက်လုပ်ကိုင်နေမှုအခြေအနေများ၊အပြန်အလှန်အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ ဆန်စပါးဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စ၊ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့မှုနှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်များဖလှယ်နိုင်ရေးကိစ္စ၊ကိုယ်စားလှယ်အဖွဲ့များအပြန်အလှန်စေလွှတ်ရေး၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ လေ့လာဖလှယ်ရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ကုန်သည်/စက်မှုအသင်းချုပ်)

မြန်မာနိုင်ငံ မြို့ပြမြေပုံလမ်းညွှန် ဂျီပီအက်စ်မိတ်ဆက်တင်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မော်တော်ယာဉ်မောင်းနှင်သူများအတွက် မြန်မာနိုင်ငံမြို့ပြ မြေပုံလမ်းညွှန် မြန်မာဂျီပီအက်စ်ထုတ်ကုန်သစ် Polar Star မိတ်ဆက်တင်ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အတွင်းရေးမှူး ဦးသောင်းတင်က မိတ်ဆက် အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** Technomation Studios မှ ဦးထူးမြင့်နောင်က မြန်မာနိုင်ငံမြို့ပြ မြေပုံလမ်းညွှန် မြန်မာဂျီပီအက်စ် ထုတ်ကုန်သစ် Polar Star နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အသုံးပြုထား

မြန်မာဂျီပီအက်စ် Polar Star သည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ ခရီးသွားလာရေးအတွက်လမ်းညွှန်မြေပုံပါသည့် ဂျီပီအက်စ် ပစ္စည်းတစ်ခုဖြစ်ပြီး ယခုထုတ်လုပ်သော ဗားရှင်းတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များအတွက် အသေးစိတ်မြေပုံများ ပါရှိသည်။ ပေ ၃၀ အကွာအဝေးအတွင်း အတိအကျလမ်းညွှန်ပေးနိုင်ပြီး မြေပုံစောင်းသွားခြင်း၊ ကားလမ်းဘေးရောက်သွားခြင်းစသည့်မဖြစ်သင့်သောလမ်းညွှန်ပြသမှုများ လုံးဝမပါရှိသော ဂျီပီအက်စ်စနစ်ကို အသုံးပြုထားသည်။ ထို့အပြင် မိမိသွားလိုသည့် လမ်းအမည်သိရုံဖြင့် သွားလိုသောနေရာကို တွက်ချက်ရှာဖွေပေးနိုင်ပြီး အနီးဆုံးနှင့် အတိုဆုံးလမ်းအတိုင်းမောင်းနှင်ပေးနိုင်ရန် လမ်းညွှန်ပေးမည်ဖြစ်သည်။ မော်တော်ကားမောင်းနှင်ရာတွင် အန္တရာယ်ရှိသည့် အမြန်နှုန်းဖြစ်လာပါက အသံဖြင့်သတိပေးသည့်စနစ်ကိုလည်း ထည့်သွင်းပေးထားသည်။

မြန်မာဂျီပီအက်စ် PolarStar တွင် မြန်မာဘာသာနှင့်ရော အင်္ဂလိပ်ဘာသာဖြင့်ပါ မိမိကြိုက်နှစ်သက်ရာ ဘာသာစကားကို ရွေးချယ်ပြီး အသုံးပြုနိုင်သည်။

စုံစမ်းမေးမြန်းနိုင်

မြန်မာဂျီပီအက်စ် PolarStar ကို ဝယ်ယူ အသုံးပြုလိုသူများအတွက် ဖေဖော်ဝါရီ ၂၅ ရက် မန္တလေးမြို့၌ ကျင်းပမည့်ကွန်ပျူတာပြပွဲတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင်မော်တော်ကားပစ္စည်း အရောင်းဆိုင်များ၊ ကွန်ပျူတာအရောင်းဆိုင်များတွင်ဝယ်ယူနိုင်သည်။ ထို့အပြင် တစ်ပါတည်းတပ်ဆင်ရောင်းချလိုသူများအတွက် အထူးနှုန်းထားဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါကဖုန်း-၂၄၃၈၉၃၊ ၃၉၈၁၄၀ နှင့် ၀၉-၅၀၅၄၀၁၃ တို့ထံ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အထက(၃) ကြည့်မြင်တိုင်ကျောင်းသား ကျောင်းသူဟောင်းများ၏(၁၃)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို ကျောင်းအတွင်း စကားဖြူခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ဆရာ ဆရာမများသို့ ဓမ္မစာအုပ်များ လှူဒါန်းနိုင်ရန်အတွက် ဆရာကြီး ဦးဝင်းကြူ-ဆရာမကြီး ဒေါ်ခင်ကြည် (ရွှေဝါမိသားစု)က ပူဇော်ပွဲကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် အမှုဆောင်အဖွဲ့ထံ စာအုပ်များပေးအပ်စဉ်။ (၁၆၄)

ပုသိမ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပုသိမ်အသင်း (ရန်ကုန်)၏ (၉၀)ပြည့်နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃-စီတည်ရှိရာ ရေဝတီ တိုင်းဒေသကြီး ဓမ္မာရုံ၌ မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ကန်တော့ခံနိုင်ရန်အတွက် အသက်(၇၅) နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများသည် မှတ်ပုံတင်မိတ္တူ၊ ပညာရည်ချွန် ဆုပေးပွဲ တက်ရောက်နိုင်ရန်အတွက် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီး များသည် အမှတ်စာရင်းမိတ္တူ၊ ကျောင်းထောက်ခံချက်နှင့်ပူးတွဲ၍ မတ် ၂၀ရက် နောက်ဆုံးထားပြီး အသင်းတိုက်သို့ စာရင်းပေးပို့ရမည် ဖြစ်သည်။ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း-၀၉-၈၀၂၀၅၀၄၊ ဒေါ်ခင်နွဲ့ ဖုန်း-၂၂၆၇၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁၅၀၁၀၀၊ အသင်းတိုက် ဖုန်း-၀၁-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

တပ်ကုန်းမြို့ မြို့မဈေး
မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော်ခရိုင် တပ်ကုန်းမြို့ မြို့မဈေးမီးဘေးလုံခြုံရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးဝင်းတင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ခန့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ကျော်ခိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်ကျော်တို့ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက တပ်ကုန်းမြို့မဈေး၌ မီးသတ်ယာဉ်နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့ဖြင့် သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၆ရက်က မြောက်ဥက္ကလာပ မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကျင်းပရာ အမက(၄၃)ကျောင်းမှ သိပ္ပံဘာသာရပ် ထူးချွန်ဆု တတိယဆုရရှိသူ တတိယတန်းမှ မမြတ်ရွှန်းလဲ့ဇော်အား ဆရာကြီး ဦးသန်းရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

တစ်ချက်တည်း ကျင်းဝင်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၈

မိတ္ထီလာမြို့ဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၁၅ရက်က လက်ထောက်ညွှန်ကြားရေးမှူး တင်မောင်ဌေးသည် ကစားဖော်များဖြစ်ကြသော ဦးမောင်မောင် (ဟန်းနီး)၊ ဒေါက်တာစိန်လွင်၊ ဦးမောင်မောင်တင်၊ ဦးတိုးတိုးတို့နှင့် ဂေါက်သီးရိုက်ကစားစဉ် ၁၃၆ ကိုက်အကွာ ကျင်းအမှတ်(၄)သို့ Srixon No.1 ဘောလုံးကို PRECEPT(EV) (No-9) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားသည်။ **(မြန်မာ့အလင်း)**

ဘားအံမြို့နယ် အမှတ်(၅)ရပ်ကွက် အောင်နန်း(၂)လမ်း ကတ္တရာခင်းခြင်းကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်ဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့နယ်၌ အရှည် ပေ ၆၆၀၀၊ အကျယ် ၁၀ ပေရှိ မန့်မော်-မိုင်းယုကျောက်ချောလမ်းသစ်ကို ဖေဖော်ဝါရီ ၈ ရက်က မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဦး၊ မူဆယ်မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်နှင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး
လှိုင်းဘွဲ့မြို့နယ်၌ ဆင့်ပွားသင်တန်းဖွင့်

လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၈

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း(မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉ နာရီက မြို့နယ်မြေစာရင်း ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌဦးကြည်သက်မောင်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီး ဌာနမှူး ဦးစောစိန်ဝင်းက ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေကိုရှင်းလင်း ပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ လှိုင်းဘွဲ့မြို့နယ်နှင့်ပိုင်ကျုံမြို့နယ်ရှိလက်ထောက် ဦးစီးမှူးများနှင့် သင်တန်းသား ၂၆ဦး တက်ရောက်၍ သင်တန်းကာလမှာ ငါးရက်ကြာမြင့်ပြီး နောက်ဆက်တွဲ စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၃၁ ရက်အထိ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

အိုင်တီသင်တန်းသစ်များ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

Myanmar WWW Institute (M3WI) သင်တန်းကျောင်းမှ အိုင်တီသင်တန်းသစ်များကို ဖေဖော်ဝါရီနောက်ဆုံးပတ်နှင့်မတ်လဆန်းပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။

လေ့ကျင့်ပေး

အိုင်တီအခြေခံသင်တန်းသည်ယနေ့လူငယ်တိုင်း တတ်မြောက်ထားသင့်သော Microsoft Windows စနစ်ကို ကျွမ်းကျင်စွာအသုံးပြုနည်း၊အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များ ပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်း အပြင် Programming အခြေခံကို ပိုင်နိုင်စွာနားလည် တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ်လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အင်တာနက်နှင့် အီးမေးလ်အသုံးပြုပုံတို့ကိုလည်းသင်ယူရမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့်သာကြာမြင့်မည်ဖြစ်ပြီးတစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)တက်ရောက်ရမည်ဖြစ်သည်။

Essential Programming သင်တန်းကို Computer အခြေခံရှိသူများတက်ရောက်နိုင်သည်။ သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တက်ရောက်ရမည်ဖြစ်သည်။

သင်ကြားနိုင်

System Essentials သင်တန်းတွင် ကွန်ပျူတာတစ်ခုအတွင်း ပါဝင်သော စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံနှင့် ၎င်းတို့အား ပြုပြင်ထိန်းသိမ်းနည်းများ၊Windows XP ၏ ဆောင်ရွက်ချက်တို့အပြင် System Installation ၊ Trouble Shooting ပြုလုပ်နည်းနှင့် Repair ပြုလုပ်ခြင်း၊ Virus Cleaning နှင့် Data Recovery ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသွားမည် ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လဝန်းကျင်ခန့်ကြာမြင့်မည်ဖြစ်ပြီးတစ်ပတ်လျှင်သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)တစ်ချိန်နှင့် တစ်ပတ်လျှင် နှစ်ရက် (အင်္ဂါ၊ ကြာသပတေး) တစ်ချိန်ရှိသဖြင့် မိမိနှင့်အဆင်ပြေမည့်အချိန်အား ရွေးချယ်တက်ရောက်သင်ကြားနိုင်သည်။

စုံစမ်းနိုင်

အဆိုပါသင်တန်းများကို M3WI သင်တန်းတည်ရှိရာ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေရန်ကုန်မြို့၌ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅နှင့် ၆၅၂၂၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အိမ်ရှင်မများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များအစားအသောက်များကိုပြင်ဆင်၍ မျက်စိပသာဒကျအောင် လှလှပပ ဖန်တီးလိုသူများအတွက် ရည်ရွယ်၍ ဟင်းသီးဟင်းရွက်နှင့် သစ်သီးတို့ကို စားချင်စဖွယ်ဖြစ်အောင် အလှပုံဖော်နည်းများကို စာရေးသူနှင်းမြတ်သွယ်က စုစည်းပြီး (ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို အလှဒီဇိုင်းအပွင့်ပုံဖော်ဖန်တီးနည်း) အမည်ဖြင့် စာအုပ်တစ်အုပ်ရေးသားထုတ်ဝေသည်။ **(ယာပုံ)**

ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ အလှဒီဇိုင်းအပွင့်ပုံဖော်ဖန်တီးနည်းစာအုပ် ထုတ်ဝေ

ရေးသားထား

ထိုစာအုပ်တွင် အသီးအနှံများကို ရွေးချယ်နည်း၊ ဒီဇိုင်းပုံဖော်ထားသော အသီးအနှံများကို တာရှည်ခံအောင် ထိန်းသိမ်းနည်း၊ အလှဒီဇိုင်းပုံဖော်ရာတွင်လိုအပ်သောပစ္စည်းများ၊လီလီပန်း၊ ကြာပန်းပွင့်၊ဖရုံသီးဖြင့် သစ်ရွက်ပုံဖော်ခြင်း၊ ဖရုံသီးဖြင့် အပေါက်ပုံပါသော သစ်ရွက်ပုံဖော်ခြင်း၊ ဂန္ဓမာပန်းပုံ၊ နှင်းဆီပန်း၊ မုန်လာဥနီဖြင့်သစ်ရွက်အလှပုံဖော်ခြင်း၊ လိပ်ပြာပုံ၊မုန်လာဥနီဖြင့် ပြုလုပ်သောဘောလုံးပန်း၊ မုန်လာဥနီဖြင့်ပြောင်းဖူး၊ကျောက်ခက်သဏ္ဍာန်မုန်လာဥနီ၊ ခရမ်းချဉ်သီးနှင်းဆီပွင့်၊ ခရမ်းချဉ်သီးနှင်းဆီပွင့်(တစ်နည်း)၊ ခရမ်းချဉ်သီးကြာပန်း၊ခရမ်းချဉ်သီးပွင့်ဖတ်လေးဖတ်၊ နှင်းဆီဖြူ၊ ငန်းဖြူ၊ အဖြူရောင်၊ ထပ်တစ်ရာပန်း၊ ဖရဲသီးစိတ်အလှ၊လင်းပိုင်ငါး၊သစ်ရွက်သဏ္ဍာန် သရက်သီး စသည်ဖြင့် အသေးစိတ်ရေးသားတင်ပြထားပြီး ဒီဇိုင်းအလှပုံဖော်နည်း ၃၁မျိုးကိုသရုပ်ဖော်ရောင်စုံဓာတ်ပုံများနှင့်တကွ ရှင်းပြထားသည်။ တစ်နိုင်ငံလုံးသို့ စာပေလောက-၅ စာအုပ်ဆိုင် အမှတ် ၁၃၈/၁၄၀(ပထမထပ်)ပန်းဆိုးတန်းလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ်ရန်ကုန်မြို့ ဖုန်း-၀၁-၇၂၁၈၁၇ မှ ဖြန့်ချိပြီး မှာကြားဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇဗ္ဗာန်းမြို့နယ် သံလွင်လမ်း အမှတ် ၁၃၀-ဘီနေ ဒေါက်တာမြင့်ဟန်-ဒေါ်ခင်မြင့်ခိုင်မိသားစုက မိဘများအားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

စလင်းမြို့နယ်၌ စာကြည့်တိုက်များဖွင့်

စလင်း ဖေဖော်ဝါရီ ၁၈

မင်းဘူးခရိုင် စလင်းမြို့နယ် လင်းဇင်းနယ်မြေ ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်များ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက်များက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ဦးနှင့် နယ်မြေတာဝန်ခံ ဦးဝင်း(ဓာတ်ပုံ-၂)တို့ ဖွင့်လှစ်ပေးကြသည်။ စာကြည့်တိုက်များ ဖွင့်လှစ်ရာတွင် ကျပွာယ်ရွာ လမ်းပြကြယ်စာကြည့်တိုက်နှင့် မင်းလျှင်ရွာ တက်နေလင်းစာကြည့်တိုက်တို့ကို ဖေဖော်ဝါရီ ၈ ရက်တွင်လည်းကောင်း၊ သရက်တောရွာ ဘဝအလင်းရောင်စာကြည့်တိုက်၊ ကျုံးကျေးရွာ မျိုးဆက်သစ်အလင်းရောင်စာကြည့်တိုက်နှင့် ခေါင်းကူးရွာ အလင်းရောင်စာကြည့်တိုက်တို့ကို ဖေဖော်ဝါရီ ၉ ရက်တွင်လည်းကောင်း ဖွင့်လှစ်ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

အလက(၂)တောင်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ တပည့်ဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဆရာမကြီးဒေါ်တင်ဝင်း-ဖုန်း-၅၆၆၄၆၀၊ ဦးထွန်းထွန်း ဖုန်း-၀၉-၈၀၃၃၄၇၀၊ ဒေါ်ယဉ်မေပိုင် ဖုန်း-၇၃၁-၁၄၃၆၆၊ ဦးအောင်ကြည်မြင့်၊ ဒေါ်ဝတ်ရည်ခိုင် ဖုန်း-၅၇၂၉၉၁၊ ဒေါ်သန်းသန်းဆင့် ဖုန်း-၇၃၀-၀၈၇၁၄၊ ဒေါ်မာမာရီ ဖုန်း-၅၆၁၉၀၄၊ ဒေါ်ဥမ္မာငြိမ်း ဖုန်း-၅၆၉၀၅၂၊ ဦးလင်းကျော် ဖုန်း-၇၃၁-၅၁၆၈၉၊ ဦးလှိုင်သင်း ဖုန်း-၀၉-၄၉၂၁၈၉၁၁နှင့် ဦးအောင်ဇော်ဝင်း ဖုန်း-၀၉-၅၀၉၇၀၅၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

ပုသိမ် ဖေဖော်ဝါရီ ၁၈

ယာဉ်အန္တရာယ် ကင်းရှင်းစေရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်က ပုသိမ်မြို့ အဝေးပြေးမော်တော်ယာဉ်များရပ်နားစခန်းဝင်းအတွင်း ရှိမော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးရုံးခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဝင်းက ယာဉ်မတော်တဆမှုများ ကင်းရှင်းစေရေးအတွက် အဝေးပြေးခရီးသည်တင်ယာဉ်များအနေဖြင့် ညအိပ် မောင်းနှင်ရမည့်ခရီးစဉ်များတွင် "င" ယာဉ်မောင်းလိုင်စင်ရှိသူ ကျွမ်းကျင်ယာဉ်မောင်းနှစ်ဦး အလှည့်ကျမောင်းနှင်စေရေး၊ သတ်မှတ်အမြန်နှုန်းထက် ပိုမမောင်းရေး၊တာယာပန်းများကောင်းမွန်စေရေး၊ အရက်သေစာသောက်စားပြီး မမောင်းနှင်စေရေးတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ)(ကညန)

ပိတ်ဆို့အရေးယူမှုကင်းကင်းနဲ့ ခြေလှမ်းသွက်သွက် ခရီးဆက်နိုင်ဖို့

အနောက်နိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုတွေဟာ ပြည်သူအများစုထက် တည်ဆဲအစိုးရအပေါ်မှာသာ ထိရောက်စေတာဖြစ်တဲ့အတွက် ဒီဒဏ်ခတ်မှုတွေ ဆက်ပြီးရှိနေသင့်တယ်လို့ NLD ဒုတိယဥက္ကဋ္ဌက ပြောကြားကြောင်း အနောက်လေလှိုင်းတစ်ခုက ထုတ်လွှင့်သွားခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေရဲ့ အကျိုးသက်ရောက်မှုနဲ့ပတ်သက်လို့ NLD ရဲ့ လေ့လာတွေ့ရှိမှုတွေ၊ စီးပွားရေးပညာရှင်တွေရဲ့ အကြံပေးဆွေးနွေးမှုတွေအပေါ်မှာအခြေခံပြီး အစီရင်ခံစာတစ်စောင် ထုတ်ပြန်ဖို့ရှိတယ်လို့လည်း ဆိုခဲ့ပါတယ်။ ဒီသတင်းနဲ့ ရှေ့ဆင့်နောက်ဆင့်မှာပဲ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများခေါင်းစဉ်ပါ NLD ရဲ့ သဘောထားစာတမ်းကို ထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။

အဲဒီစာတမ်းမှာပဲ **"စီးပွားရေးပိတ်ဆို့မှုများကို မြန်မာနိုင်ငံရှိ မည်သည့် နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ တောင်းဆိုချက်များကြောင့် ချမှတ်ခဲ့ရသည်မဟုတ်ပါ။ သက်ဆိုင်ရာ နိုင်ငံများ၏ ဆုံးဖြတ်ချက်များသာဖြစ်ပါသည်"** ဆိုပြီး ဖော်ပြထားပါတယ်။ **တကယ်တော့ ကျွန်တော်တို့နိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုက စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ လုပ်လာခဲ့တာ အခုဆိုရင် ရှစ်နှစ်ထဲကို ရောက်လာပါပြီ။ ၂၀၀၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံ လွတ်မြောက်ရေးနဲ့ ဒီမိုကရေစီအက်ဥပဒေ (Burmese Freedom and Democracy Act of 2003) ဆိုတာကို သမ္မတဘုရှ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်ပြီး ပိတ်ဆို့မှုတွေ စတင်ခဲ့တာပါ။ အဲဒီလိုဖြစ်လာအောင်လည်း ပြည်တွင်းကနေ ဘယ်သူတွေက တောင်းဆိုခဲ့တယ်၊ ဘယ်လိုတွေ ဆက်သွယ်ပြီး ဘယ်လိုတွေ အခါတော်ပေးခဲ့တယ်ဆိုတာ ပြည်သူအားလုံး သိထားပြီးသားကိစ္စတွေ ဖြစ်နေပါပြီ။**

တစ်ချိန်တုန်းက **"မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ကြပါနဲ့၊ လူသားချင်း စာနာထောက်ထားမှု အကူအညီတွေ မပေးကြပါနဲ့၊ ကမ္ဘာလှည့်ခရီးသည်တွေ မလာကြပါနဲ့၊ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ မြန်မာနိုင်ငံကို လက်မခံကြပါနဲ့"** ဆိုပြီး တစာစာ တောင်းဆိုသူ ရှိခဲ့တာကြောင့် ကျွန်တော်တို့ပြည်သူတွေဟာ Sanction ဆိုတဲ့ ဝေါဟာရကို မရင်းနှီးချင်ဘဲ ရင်းနှီးခဲ့ကြရတာပါ။ ဒါကို အားလုံး သိပါတယ်။ အခုအချိန်ကျမှ Sanction ဟာ ကိုယ်နဲ့မဆိုင်သလို၊ ကိုယ်တောင်းဆိုခဲ့တာ မဟုတ်သလို သက်ဆိုင်ရာ နိုင်ငံတွေရဲ့ ဆုံးဖြတ်ချက်ပါပဲဆိုပြီး ပြောင်ငြင်းတာကတော့ အရုပ်ဆိုးလွန်းလှပါတယ်။

ပိတ်ဆို့အရေးယူမှုနဲ့ပတ်သက်ပြီး ပြည်သူအများရဲ့ သဘောထားတွေကို နားထောင်ဦးမယ်၊ ပြီးမှ ဒီအရေးယူဒဏ်ခတ်မှုတွေကို ဖယ်ရှားဖို့ သင့်မသင့်ဆိုတာကို ဆုံးဖြတ်မယ်လို့ ဖျက်သိမ်းခံပါတီခေါင်းဆောင်ကပြောခဲ့တာ သိပ်မကြာလှသေးပါဘူး။ အခုတော့ ဆုံးဖြတ်လိုက်ပါပြီ။ ဆုံးဖြတ်ပြန်တော့လည်း မူမပြောင်း၊ လမ်းကြောင်းမပြောင်း ဓာတ်ပြားဟောင်းကြီးအတိုင်း မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ် ပိတ်ဆို့မှုတွေဆက်ပြီးရှိနေသင့်ပါတယ် ဆိုတဲ့အဖြေပဲ ထွက်လာတာပါပဲ။ ကိုယ်စခဲ့တဲ့ဇာတ်ဆိုတော့ တိုင်းပြည် ဘာပဲဖြစ်ဖြစ်၊ ပြည်သူတွေ ဘယ်လောက်ပဲဒုက္ခရောက်ရောက် ဒီဇာတ်ညွှန်းအတိုင်းပဲ ကောင်းပါတယ်လို့ မျက်လုံးစုံမှိတ်ပြီး ပြောထွက်လာတာပါပဲ။ တတ်လည်းတတ်နိုင်ကြပါပေရဲ့။

ဒီလိုစီးပွားရေးပိတ်ဆို့မှုတွေ လုပ်ရတာဟာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေ ပိုကောင်းလာဖို့နဲ့ ဒီမိုကရေစီတန်ဖိုးတွေ ထွန်းကားလာဖို့အတွက် ရည်ရွယ်ရင်းဖြစ်ပါတယ်ဆိုပြီး အနောက်နိုင်ငံတွေဘက်က ရှေ့နေလိုက်ပေးနေပြန်ပါတယ်။ တကယ်တမ်းကျတော့ ဒီ Sanction ဆိုတာဟာ ပြည်တွင်းပုဆိန်ရိုးအုပ်စုအတွက်ရော၊ ပိတ်ဆို့တဲ့ အနောက်အုပ်စုနိုင်ငံတွေအတွက်ပါ ကိုယ့်တွက်ကိန်းနဲ့ ကိုယ် ကိုယ်ကျိုးစီးပွားသက်သက်ကြည့်ပြီး လုပ်ကြံဖန်တီးခဲ့ကြတဲ့ စနက်တစ်ခုပါ။ ပြည်တွင်းပုဆိန်ရိုးအုပ်စုကလည်း ကိုယ်နဲ့ကိုယ့်ပါတီ အာဏာရဖို့၊ ကိုယ့်အဖွဲ့အစည်းကောင်းစားဖို့ ဦးတည်ပြီး တောင်းဆိုခဲ့တာဖြစ်သလို အနောက်အုပ်စုကလည်း သူတို့လိုလားတဲ့ ရုပ်သေးအစိုးရအာဏာရရေး၊ သူ့ဩဇာခံပြီး ခြေသုတ်ပုဆိုး မွေ့စွယ်ကျိုးပြောသမျှခေါင်းညိတ်မယ့် လက်ဝေခံအစိုးရတစ်ရပ် ပေါ်ပေါက်လာစေဖို့ ရည်မှန်းပြီး ပိတ်ပေး ဆို့ပေးနေတာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အားလုံးမှာ သူတို့ စိတ်ကြိုက် အခွင့်အရေးတွေယူပြီး သူတို့နိုင်ငံအကျိုးစီးပွား၊ သူတို့ အုပ်စုအကျိုးစီးပွားကို ဖော်ဆောင်သွားနိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်လည်း ပါမှာ အသေအချာပါပဲ။

တကယ်တော့ ကျွန်တော်တို့နိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအပေါ် စီးပွားပျက် အကျပ်ဆိုက်အောင် လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေ ဖြတ်တောက်တာ၊ စီးပွားရေးပိတ်ဆို့အရေးယူတာတွေဟာ သေချာတွေးကြည့်ရင် လူလူချင်း စာနာထောက်ထားမှု အကင်းမဲ့ဆုံး လုပ်ရပ်ဖြစ်ပါတယ်။ ဒီပိတ်ဆို့မှုတွေကြောင့် ပြည်သူတွေ စားဝတ်နေမှုအခက်အခဲနဲ့ ရင်ဆိုင်ကြုံတွေ့လာရမယ်ဆိုရင် ဒါကို အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုအဖြစ် သတ်မှတ်ရမှာပါပဲ။ ဘယ်နိုင်ငံမဆို စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှ လူနေမှုအဆင့် မြင့်လာမယ်၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်လာမယ်၊ တွေးခေါ်မြော်မြင်နိုင်မှု အသိဉာဏ်ဗဟုသုတမြင့်လာမယ်၊ အခြေခံစားဝတ်နေမှု အခွင့်အရေးကွာဟချက် ကျဉ်းမြောင်းလာမယ် ဒီလို အခြေခံတွေပြည့်စုံပြီးမှသာ ဒီမိုကရေစီရေးကို အပြည့်အဝအောင်မြင်အောင် ကျင့်သုံးဖော်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီရေးလို့ အသံကောင်းဟစ်ပြီး လက်တွေ့မှာ စီးပွားရေးပိတ်ဆို့မှုတွေ လုပ်နေတာဟာ တကယ်တော့ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်မှုကို ခက်ခဲအောင်၊ နှောင့်နှေးကြန့်ကြာအောင် လုပ်နေသလိုပါပဲ။

ဘယ်နိုင်ငံမဆို စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှ လူနေမှုအဆင့် မြင့်လာမယ်၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်လာမယ်၊ တွေးခေါ်မြော်မြင်နိုင်မှု အသိဉာဏ်ဗဟုသုတမြင့်လာမယ်၊ အခြေခံ စားဝတ်နေမှု အခွင့်အရေးကွာဟချက် ကျဉ်းမြောင်းလာမယ် ဒီလို အခြေခံတွေပြည့်စုံပြီးမှသာ ဒီမိုကရေစီရေးကို အပြည့်အဝ အောင်မြင်အောင် ကျင့်သုံးဖော်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီရေးလို့ အသံကောင်းဟစ်ပြီး လက်တွေ့မှာ စီးပွားရေးပိတ်ဆို့မှုတွေ လုပ်နေတာဟာ တကယ်တော့ ကျွန်တော် တို့နိုင်ငံရဲ့ဒီမိုကရေစီဖော်ဆောင်မှုကို ခက်ခဲအောင်၊ နှောင့်နှေး ကြန့်ကြာအောင် လုပ်နေသလိုပါပဲ။

ပိတ်ဆို့ဒဏ်ခတ်မှုတွေဟာ ပြည်သူအများစုထက် အစိုးရနဲ့ သူနဲ့နီးစပ်တဲ့ စီးပွားရေးသမားတွေကိုပဲ ထိခိုက်စေပါတယ်လို့ သူတို့က အကြောင်းပြပါတယ်။ တကယ်တော့ နိုင်ငံနဲ့ ပြည်သူဆိုတာ ရေနဲ့ကြာပါပဲ။ နိုင်ငံဆိုတဲ့ ရေမြင့်မှ ပြည်သူဆိုတဲ့ကြာ တင့်နိုင်မှာဖြစ်ပါတယ်။ သူတို့ပြောသလို တည်ဆဲအစိုးရကို ထိခိုက်အောင်လုပ်တာဆိုပေမယ့် အစိုးရထိခိုက်ရင် နိုင်ငံကိုရော ပြည်သူကိုပါ ထိခိုက်စေတယ်ဆိုတာ နားလည်ဖို့သင့်ပါတယ်။ ဒါကြောင့် အဲဒီပိတ်ဆို့မှုတွေဟာ အစိုးရကိုပဲ ထိခိုက်အောင် ရည်ရွယ်လုပ်ဆောင်နေတာဖြစ်ပါတယ်လို့ ဆင်ဝှေ့ရန်ရှောင် ပြောနေတာဟာ ဘယ်လိုမှ လက်ခံနိုင်စရာ မရှိပါဘူး။

ပိတ်ဆို့ဒဏ်ခတ်မှ
နီးစပ်တဲ့ စီးပွားရေး
အကြောင်းပြပါတယ်။
ကြာပါပဲ။ နိုင်ငံဆိုတဲ့
သူတို့ပြောသလို တည်
အစိုးရထိခိုက်ရင် နို
နားလည်ဖို့သင့်ပါတယ်
ထိခိုက်အောင် ရည်
ရန်ရှောင် ပြောနေတ

တည်ဆဲအစိုးရဟာ ၁၉၈၈ခုနှစ်ကစပြီး ဗဟိုကချုပ်ကိုင်တဲ့ တစ်ပါတီဆိုရှယ်လစ်စနစ်ကို ဖျက်သိမ်းပြီး ပြည်သူအများ လိုလားတောင့်တနေတဲ့ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်နဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းဖော်ဆောင်ပေးခဲ့တဲ့ အစိုးရဖြစ်ပါတယ်။ အဲဒီလို ကူးပြောင်းဖော်ဆောင်ရာမှာလည်း အနောက်ဒီမိုကရေစီကို ပုံတူမကူးဘဲ နိုင်ငံရဲ့ ပကတိအရှိတရား၊ ပြည်သူရဲ့ လူမှုဘဝနဲ့ ကိုက်ညီဆီလျော်ပြီး ချောမွေ့ညင်သာစွာ ကူးပြောင်းနိုင်အောင် အဘက်ဘက်က လမ်းခင်းမြှင့်တင် ဖော်ဆောင်ပေးနေတဲ့ အစိုးရဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ နှစ်ဖက်ညှပ်ပြီး နိုင်ငံရေး၊ စီးပွားရေး ဖိအားပေး နှောင့်ယှက်မှု အဖုံဖုံကြားထဲကနေ မလျှော့သော ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားဖြတ်သန်းပြီး နိုင်ငံနဲ့ပြည်သူကို ဒီနေ့ ဒီအခြေ ရောက်လာအောင် တည်ဆောက်မြှင့်တင်ပေးခဲ့တဲ့ အစိုးရဖြစ်ပါတယ်။ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ စည်းလုံးညီညွတ်စွာ နေ့မအား ညမနား နှစ်ပေါင်း (၂၀)ကျော် ကြိုးပမ်းဖော်ဆောင်ခဲ့ကြပေမယ့် ဒီနေ့ဒီအချိန်အထိ နိုင်ငံနဲ့ ပြည်သူအတွက် လိုအပ်ချက်တွေအားလုံး ပြီးပြည့်စုံတဲ့အဆင့် မရောက်နိုင်သေးတာဟာ ဒီပိတ်ဆို့ဖိအားပေး နှောင့်ယှက်မှုတွေကြောင့်ဆိုတာ အထူးပြောဖို့ မလိုတော့ပါဘူး။

အနောက်နိုင်ငံတွေရဲ့ တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့အရေးယူမှုကြောင့် နိုင်ငံနဲ့ပြည်သူအတွက် အများကြီး ထိခိုက်နစ်နာခဲ့ရပါတယ်။ အရှိန်ရစပြုလာတဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို ပြန်ရုပ်သိမ်းသွားတာ၊ လက်ရှောင်သွားတာ အများကြီးရှိခဲ့သလို Global Fund လို ပြည်ပအထောက်အပံ့တွေဆိုတာလည်း မရှိသလောက်ကို ဖြစ်ခဲ့ပါတယ်။ ပို့ကုန်သွင်းကုန်ဆိုင်ရာ တားဆီးပိတ်ဆို့မှုတွေကြောင့် ကုန်ပစ္စည်းထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှု၊ တင်သွင်းမှု၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု စသဖြင့် အဘက်ဘက်မှာ ထိခိုက်နစ်နာ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတာ ပြည်သူအားလုံး သိပါတယ်။ နိုင်ငံရဲ့ စီးပွားဖွံ့ဖြိုးမှုကို ထိခိုက်စေခဲ့သလို တစ်ဖက်ကလည်း ပြည်သူအများစုရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆုံးရှုံးခဲ့ရပါတယ်။ စက်ရုံပိတ်ခဲ့ရတဲ့ အလုပ်သမားတွေရဲ့ အလုပ်လက်မဲ့ပြဿနာ၊ သူတို့ကို မှီခိုနေရတဲ့ မိသားစုဝင်တွေရဲ့ စားဝတ်နေရေးပြဿနာတွေဟာ ဒီ Sanction ကြောင့်ဆိုတာ အထင်အရှားပါပဲ။ အလားတူ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေကို ပိတ်ဆို့ခဲ့လို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြီးတွေသာမက အဲဒီခရီးသွားလုပ်ငန်းအပေါ် မှီခိုနေရတဲ့ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ စားသောက်ဆိုင်၊ နောက်ဆုံးအငှားယာဉ်မောင်း၊ ဆိုက်ကားသမားအထိ ထိခိုက်နစ်နာမှုတွေဟာ ပြန်ပြောရရင် တစ်ထောင့်တစ်ညပုံပြင်ထက် လျှော့ဖို့မရှိပါဘူး။ ပြည်သူတွေ ကြုံတွေ့ခံစားခဲ့ရတဲ့ ဒီဆင်းရဲဒုက္ခပေါင်းစုံရဲ့ အဓိက တရားခံကတော့ ဒီ Sanction ကို တစ်ခုပ်တရ တောင်းဆိုခဲ့တဲ့ပုဂ္ဂိုလ်တွေနဲ့ ကိုယ်ကျိုးစီးပွားသက်သက်ကိုကြည့်ပြီး သူတစ်ပါးနိုင်ငံနဲ့ ပြည်သူအပေါ် စာနာထောက်ထားမှုကင်းမဲ့စွာ ပိတ်ဆို့အရေးယူမှုကို လက်လွှတ်စပယ် ချမှတ်ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံကြီးတွေပါပဲ။ ဒါကို ပြည်သူက သိပါတယ်။

ဖတ်မှတ်မိသလောက်ပြောရရင် အမေရိကန်အစိုးရတစ်ရပ်တည်းက တစ်ကမ္ဘာလုံးမှာ စီးပွားရေးပိတ်ဆို့အရေးယူမှုပေါင်း (၆၀)ကျော် လုပ်ခဲ့တယ်လို့ ဆိုပါတယ်။ လုပ်ခဲ့သမျှ ပိတ်ဆို့အရေးယူမှုတိုင်းမှာလည်း ဒီမိုကရေစီရေးကို အကြောင်းပြပြီး ထင်တိုင်းကြဲခဲ့တာက များပါတယ်။ ဒါပေမယ့် အခုထက်ထိတော့ အဲဒီပိတ်ဆို့မှုတွေကြောင့် ဒီမိုကရေစီနိုင်ငံ ဖြစ်သွားရပါတယ်ဆိုတဲ့ နိုင်ငံမျိုး တစ်နိုင်ငံမှ မကြားမိသေးပါဘူး။ ပိတ်ဆို့အရေးယူမှုကြောင့် ပြည်သူတွေ ဒုက္ခပင်လယ်ဝေပြီး နိုင်ငံချွတ်ခြုံကျသွားတာမျိုး အချို့ရှိသော်လည်း အများစုကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြံ့ကြံ့ခံပြီး ကိုယ့်ခရီးကိုယ်

ဆက်နေကြဆဲပါ။ ပြောရရင် ပိတ်ဆို့အရေး
ဖြစ်လာနိုင်ဖို့ဆိုတာ ဝေးလွန်းလှပါတယ်။
အရေးယူမှုဆိုတာ ပြဒါးတစ်လမ်း သံတစ်လ

တကယ်တမ်းပြောရရင် ဒီမိုကရေစီကို
ဖိနှိပ်သွတ်သွင်းပုံဖော်လို့ မရနိုင်ပါဘူး။ ဥ
အမြင်သာဆုံး တွေ့နိုင်ပါတယ်။ အမေရိကန်
စီးပွားရေးပိတ်ဆို့မှုတွေနဲ့ စတင်ခဲ့ပြီး အ
ဒီမိုကရေစီထူထောင်ရေးဆိုတဲ့ အကြောင်းပြ
ဝိုင်းတားတဲ့ကြားက အတင်းအဓမ္မ ကျူး
တကယ်တော့ အီရတ်ရဲ့ရေနံကို လက်ဝါးကြီ
စစ်ပွဲပါပဲ။ သို့သော် အခုအချိန်မှာ အီရတ်
အကြောင်းပြနေတဲ့ ဒီမိုကရေစီဆိုတာရော
သေချာပြန်သုံးသပ်ကြည့်ရင် ပိတ်ဆို့အရေးယူ
တကယ့် အဖျွတ်တွာအမှန်ကို မြင်နိုင်ပါတယ
ကိုယ်ကျိုးစီးပွားသက်သက်အတွက် နင်းချေဖျ
ချိတဲ့ အီရတ်ပြည်သူတွေရဲ့ အသက်အိုးအိမ်စ
ပြန်လျော်ပေးမှာလဲ။ ဘယ်သူကများ ပြန်ပြီး
ဒီနေ့ အီရတ်ကိုကြည့်ရင် အထင်းသား မြင်

**အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ အခြေ
ပြောင်းလဲနေပါပြီ။ လွှတ်တော်အစည်းအဝေး
ဖွဲ့စည်းတော့မယ့်အခြေအနေဟာ ပြည်သူတွေ
နိုင်ငံတော်သစ်ဆီကို တည်ငြိမ်အေးချမ်းမှုမ**
အသွင်ကူးပြောင်းနိုင်ဖို့အတွက် ခြေလှမ်းသစ်
တစ်နေ့တခြား အပြုသဘော တိုးတက်ပြောင်း
ရှိလာတဲ့အတွက် မြန်မာနိုင်ငံအပေါ် အ
ပြန်လည်ရုပ်သိမ်းသင့်ပါပြီဆိုပြီး အာဆီယံ
တညွတ်တည်း တောင်းဆိုခဲ့ပါတယ်။ အလား
ပါတီတွေ၊ ဝါရင့်နိုင်ငံရေးသမားတွေကလည်
တွေကို အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးဖို့
လတ်တလော ကာလမှာပဲ အမျိုးသားဒီမိုက
ခေါင်းဆောင်တစ်ဦးက အမျိုးသားပြန်လည်သ
ချင်တယ်ဆိုရင် စီးပွားရေးပိတ်ဆို့မှုတွေကို ပြ
နေပြီ၊ အထူးသဖြင့် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှ
တွေကို ရုပ်သိမ်းဖို့လိုတယ်ဆိုပြီး ထုတ်ပြန်
စီးပွားရေးပိတ်ဆို့အရေးယူမှုတွေကြောင့် မြ
အလမ်းတွေ လက်လွှတ်ဆုံးရှုံးနေပြီး စီးပွ
လမ်းစကို ဟန့်တားရာရောက်နေတယ်လို့လ

ရီးဆက်နိုင်ဖို့ အချိန်တန်ပြီ

မောင်မှတ်

ပိတ်ဆို့ဒဏ်ခတ်မှုတွေဟာ ပြည်သူအများစုထက် အစိုးရနဲ့ သူနဲ့နီးစပ်တဲ့ စီးပွားရေးသမားတွေကိုပဲ ထိခိုက်စေပါတယ်လို့ သူတို့က အကြောင်းပြပါတယ်။ တကယ်တော့ နိုင်ငံနဲ့ ပြည်သူဆိုတာ ရေနဲ့ ကြာပါပဲ။ နိုင်ငံဆိုတဲ့ရေမြင့်မှ ပြည်သူဆိုတဲ့ကြာ တင့်နိုင်မှာဖြစ်ပါတယ်။ သူတို့ပြောသလို တည်ဆဲအစိုးရကို ထိခိုက်အောင်လုပ်တာ ဆိုပေမယ့် အစိုးရထိခိုက်ရင် နိုင်ငံကိုရော ပြည်သူကိုပါ ထိခိုက်စေတယ်ဆိုတာ နားလည်ဖို့သင့်ပါတယ်။ ဒါကြောင့် အဲဒီပိတ်ဆို့မှုတွေဟာ အစိုးရကိုပဲ ထိခိုက်အောင် ရည်ရွယ်လုပ်ဆောင်နေတာဖြစ်ပါတယ်လို့ ဆင်ခြေဆင်လက် ပြောနေတာဟာ ဘယ်လိုမှ လက်ခံနိုင်စရာ မရှိပါဘူး။

ဆက်နေကြဆဲပါ။ ပြောရရင် ပိတ်ဆို့အရေးယူမှုကြောင့် ဒီမိုကရေစီဖြစ်လာနိုင်ဖို့ဆိုတာ ဝေးလွန်းလှပါတယ်။ ဒီမိုကရေစီနဲ့ ပိတ်ဆို့အရေးယူမှုဆိုတာ ပြဒါးတစ်လမ်း သံတစ်လမ်းပါ။

တကယ်တမ်းပြောရရင် ဒီမိုကရေစီကို ဒီလိုမျိုး အတင်းအဓမ္မ ဖိနှိပ်သွတ်သွင်းပုံဖော်လို့ မရနိုင်ပါဘူး။ ဥပမာ- အီရတ်နိုင်ငံကိုပဲ အမြင်သာဆုံး တွေ့နိုင်ပါတယ်။ အမေရိကန်ဟာ အီရတ်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေနဲ့ စတင်ခဲ့ပြီး အာဏာရှင်တိုက်ဖျက်ရေး၊ ဒီမိုကရေစီထူထောင်ရေးဆိုတဲ့ အကြောင်းပြချက်တွေနဲ့ တစ်ကမ္ဘာလုံး ဝိုင်းတားတဲ့ကြားက အတင်းအဓမ္မ ကျူးကျော်စစ်ခင်းခဲ့ပါတယ်။ တကယ်တော့ အီရတ်ရဲ့ရေနံကို လက်ဝါးကြီးအုပ်နိုင်ဖို့ ကျူးကျော်တဲ့ စစ်ပွဲပါပဲ။ သို့သော် အခုအချိန်မှာ အီရတ်ဘာဖြစ်နေပြီလဲ။ သူတို့ အကြောင်းပြနေတဲ့ ဒီမိုကရေစီဆိုတာရော တကယ်ရနေပြီလား။ သေချာပြန်သုံးသပ်ကြည့်ရင် ပိတ်ဆို့အရေးယူသူ၊ ကျူးကျော်သူတွေရဲ့ တကယ့် အစ္စတ္တအမှန်ကို မြင်နိုင်ပါတယ်။ ကျူးကျော်သူတို့ရဲ့ ကိုယ်ကျိုးစီးပွားသက်သက်အတွက် နင်းချေဖျက်ဆီးခံခဲ့ရတဲ့ သိန်းသန်းချီတဲ့ အီရတ်ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ဘယ်သူက ပြန်လျော်ပေးမှာလဲ။ ဘယ်သူကများ ပြန်ပြီးပေးဆပ်စတေးခံမှာလဲ။ ဒီနေ့ အီရတ်ကိုကြည့်ရင် အထင်းသား မြင်သာပါတယ်။

အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ အခြေအနေဟာ အချိန်နဲ့အမျှ ပြောင်းလဲနေပါပြီ။ လွှတ်တော်အစည်းအဝေးတွေကျင်းပပြီး အစိုးရသစ်ဖွဲ့စည်းတော့မယ့်အခြေအနေဟာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို တည်ငြိမ်အေးချမ်းမှုမပျက် ချောချောမောမော အသွင်ကူးပြောင်းနိုင်ဖို့အတွက် ခြေလှမ်းသစ်တွေဖြစ်ပါတယ်။ ဒီလို တစ်နေ့တခြား အပြုသဘော တိုးတက်ပြောင်းလဲမှုတွေ ထင်သာမြင်သာ ရှိလာတဲ့အတွက် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုတွေကို ပြန်လည်ရုပ်သိမ်းသင့်ပါပြီဆိုပြီး အာဆီယံနိုင်ငံအားလုံးက တညီတညွတ်တည်း တောင်းဆိုခဲ့ပါတယ်။ အလားတူ ပြည်တွင်းက နိုင်ငံရေးပါတီတွေ၊ ဝါရင့်နိုင်ငံရေးသမားတွေကလည်း ဒီအရေးယူပိတ်ဆို့မှုတွေကို အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ လတ်တလော ကာလမှာပဲ အမျိုးသားဒီမိုကရေစီအင်အားစု(NDF) ခေါင်းဆောင်တစ်ဦးက အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရောက်စေချင်တယ်ဆိုရင် စီးပွားရေးပိတ်ဆို့မှုတွေကို ပြန်လည်ရုပ်သိမ်းဖို့ လိုအပ်နေပြီ၊ အထူးသဖြင့် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပိတ်ဆို့မှုတွေကို ရုပ်သိမ်းဖို့လိုတယ်ဆိုပြီး ထုတ်ပြန် ကြေညာသွားခဲ့ပါတယ်။ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေကြောင့် မြန်မာနိုင်ငံအနေနဲ့ အခွင့်အလမ်းတွေ လက်လွတ်ဆုံးရှုံးနေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစကို ဟန့်တားရာရောက်နေတယ်လို့လည်း ဆိုခဲ့ပါသေးတယ်။

သို့သော် တစ်ဖက်က အပြုသဘော ရှုမြင်သုံးသပ်တောင်းဆိုမှုတွေ ရှိနေပေမယ့် ဒီပြဿနာမှာ အဓိကတာဝန်ရှိတဲ့အုပ်စုကတော့ စီးပွားရေး ပိတ်ဆို့မှုတွေကို ဆက်လုပ်ဖို့ သက်ဆိုင်ရာနိုင်ငံကြီးတွေကို နည်းလမ်းအမျိုးမျိုးနဲ့ ချဉ်းကပ်တောင်းဆိုနေကြတုန်းပါပဲ။ ဒါ့အပြင် အဲဒီပိတ်ဆို့အရေးယူမှုတွေနဲ့ ပတ်သက်ပြီး ပြုပြင်မွမ်းမံနိုင်မယ့် သဘောတူညီမှုရရှိရေးအတွက် အနောက်နိုင်ငံတွေနဲ့ ညှိနှိုင်းဆွေးနွေးလိုကြောင်း မျက်နှာပြောင်လွန်းလှစွာနဲ့ တောင်းဆိုနေတာကိုလည်း တွေ့ရပါတယ်။ ရေ့ကဖုံးသမျှ ကုန်းတော့မှပေါ်ဆိုတာ ဒါမျိုးကို ဆိုလိုတာထင်ပါရဲ့။ သူတို့က ဒီလိုတောင်းဆိုနေသလို တစ်ဖက်နိုင်ငံကြီးတွေကလည်း စီးပွားရေးပိတ်ဆို့မှုတွေကို ဖယ်ရှားဖို့အချိန်ဟာ စောနေသေးတယ်ဆိုပြီး အတိုင်အဖောက်ညီညီ လေသံပစ်နေကြပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်စီးပွားရေးအတွက် တံခါးဖွင့်ခဲ့ပေမယ့် ဒီပိတ်ဆို့အရေးယူမှုတွေကြောင့် ရှေ့ကိုတိုးမယ့်ခြေလှမ်း နောက်ပြန်ဆွဲခံရသလို ထိခိုက်ခဲ့ရပါတယ်။ နိုင်ငံ့စီးပွား ထိခိုက်နစ်နာခဲ့မှတော့ ပြည်သူတွေရဲ့ စီးပွားရေးလည်း ထိခိုက်နစ်နာ ဆုံးရှုံးခဲ့ရတာ ဘာမှမဆန်းလှပါဘူး။ နိုင်ငံဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးပါတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေဟာလည်း မှန်းသလောက် ခရီးမပေါက်နိုင်ခဲ့လေတော့ ပြည်သူတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ အများကြီး ဆုံးရှုံးခဲ့ရတာလည်း အမှန်ပါပဲ။ ပုဆိန်ရိုးအုပ်စုကသာ ဒီပိတ်ဆို့အရေးယူမှုဆိုတာကို မတောင်းဆိုခဲ့ရင် အခုလောက်ဆို ကျွန်တော်တို့ အများကြီး ရှေ့ကို ရောက်နေလောက်ပါပြီ။

နိဂုံးချုပ်အနေနဲ့ပြောရရင် ကိုယ်စခဲ့တဲ့ဇာတ်ကို ကိုယ်ပြန်သိမ်းပေးဖို့ တာဝန်ရှိပါတယ်။ အတ္တကိုယ်ကျိုးစီးပွားအတွက် နိုင်ငံနဲ့ ပြည်သူကို ချနင်းစတေးရက်ခဲ့တဲ့ အမှားကို ဝန်ချတောင်းပန်ပြီး အချိန်မီ ပြုပြင်နိုင်ဖို့လိုပါတယ်။ ပိတ်ဆို့အရေးယူမှုတွေကြောင့် ပြည်သူကို လုံးဝမထိခိုက်ဘဲ အစိုးရကိုသာ ထိခိုက်စေတာဖြစ်ပါတယ်ဆိုတဲ့ ဝေ့လည်ကြောင်ပတ်စကားမျိုးကိုလည်း လျှာအရိုးမရှိတိုင်း လွယ်လွယ်ပေါ့ပေါ့ မပြောသင့်တော့ပါဘူး။ ကိုယ့်ရဲ့ မိုက်မိုက်မဲမဲလုပ်ရပ်ကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံနဲ့ ပြည်သူရဲ့ ထိခိုက်ဆုံးရှုံး နစ်နာမှုအားလုံးကိုလည်း တည်ဆဲအစိုးရရဲ့ စီမံခန့်ခွဲမှု ညံ့ဖျင်းမှုကြောင့်ပါဆိုပြီး တစ်ဖက်သတ် လက်ညှိုးထိုးအပြစ်ပုံချတာမျိုး မလုပ်သင့်တော့ပါဘူး။ ခေတ်ပြောင်း စနစ်ပြောင်းကာလတစ်ခုမှာ အနာဂတ်ခရီးကို ပိတ်ဆို့အရေးယူမှုကင်းကင်းနဲ့ ခြေလှမ်းသွက်သွက် ခရီးဆက်နိုင်ဖို့ အချိန်တန်နေပြီဖြစ်ပါကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပါတယ်။ ။

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ကိုယ့်အလို ကိုယ့်ဆန္ဒ ကိုယ်ဖြည့်နေကြသည်** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၆)
- ၈:၄၀ Emperor Love Concert (Part-5)
- ၉:၂၀ Arirang ၏ အောင်မြင်မှု
- ၉:၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၀၀ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာ စကားဝိုင်း (ဒေါက်တာခင်သိန်းဦး၊ တင်မိုးလွင်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ မေသူ)
- ၁၀:၂၅ သွားမယ်စားမယ် (Doreen)
- ၁၁:၀၀ Goals of the Week
- ၁၁:၃၀ အစွမ်းထက်တာအမှန်ပင် ဆေးမှာဘုရင် မိခင်
- ၁၁:၅၀ ပန်းချီပြခန်း (ပန်းချီဝင်းဖေမြင့်ရဲ့ 100 Portraits By WPM ပန်းချီပြပွဲ)
- ၁၂:၀၅ ရင်းနှီးဖိတ်ခေါ် နွဲ့ပျော်စရာ… ချောင်းသာကမ်းခြေသာ
- ၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Toshiba 25th Anniversary Celebration and Product Launch စာနယ်ဇင်း ရှင်းလင်းပွဲနှင့် ညစာစားပွဲ)
- ၁၂:၄၅ ဘဒ္ဒန္တသူရိယ (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဝိဇာတမင်္ဂလာနှင့် ပရဟိတရှင်ပြုအလှူတော်မင်္ဂလာ
- ၁:၀၀ **ကိုယ့်အလို ကိုယ့်ဆန္ဒ ကိုယ်ဖြည့်နေကြသည်** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Golden Rose Condominium အရောင်းပြခန်းဖွင့်ပွဲအခမ်းအနား
- ၂:၄၅ အထက ကျိုက်ဒိုးကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲ
- ၂:၅၀ သုဝဏ္ဏဘူမိမှ သာသနာ့ခက်ဝေ ငါးဆူမြေ
- ၃:၀၅ ရန်ကုန်မြင်ကွင်းကျယ် [ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် (၁၉၇၅-၇၉)ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ]
- ၃:၃၀ ဟိုတယ်လမ်းညွှန် (Ecotourism ရဲ့ ပန်းတစ်ပွင့်)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၆)
- ၄:၄၅ လမ်းညွှန်ကာသတင်းပေး သင့်ကျန်းမာရေး (သီရိချိုင်းနိုင်ငံတကာအဆင့်မြင့်ဆေးရုံမိတ်ဆက်ခြင်း)
- ၅:၀၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဘုတ်ဘုတ်ရဲ့ ပွဲတက်ဝတ်စုံများ)
- ၅:၂၅ Movie Talk (အသာမစံ အနာခံလူကြမ်းများ) (အပိုင်း-၇)
- ၅:၅၀ ရန်ကုန်မြင်ကွင်းကျယ် (MCC Launching of the MCC 2011 Summer Kids)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဝန်ဆောင်မှုမြင့်မား ကမ္ဘာ့လေကြောင်းလိုင်းများ Bangkok Airways
- ၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၀)
- ၇:၂၀ Emperor Love Concert (Part-6)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ရာစုသစ်ဗိသုကာလက်ရာများနှင့် ပျော်ရွှင်ဈေးဝယ်စရာ တော်ဝင်စင်တာ
- ၈:၅၀ Kid's Show (ရွှေပြည်နန်း ကလေးသရုပ်ဆောင်ပြိုင်ပွဲ)
- ၉:၃၀ **FA Cup (Birmingham Vs Sheffield)**
- ၁၁:၂၅ VJ Choice
- ၁၁:၄၅ **FA Cup (Man U Vs Crawley Town)**
- ၁:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၇)
- ၂:၂၅ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကိုကာကွယ်တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
- ၂:၅၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
- ၃:၁၀ World of Knowledge (Precious Journeys Crossing The Himalaya)
- ၄:၀၀ သီးနှံစိုက်ပျိုး အထွက်တိုး စားသုံးဆီဖူလုံဖို့ နေကြာ အထွက်တိုးအောင်စိုက်ကြစို့
- ၄:၀၅ **ချောင်းကမ်းဘေးက ရွာကလေး** နွဲ့နွဲ့စန်း၊ ထင်ပေါ်၊ တီကို၊ သဇင် [ဒါရိုက်တာ-မြင့်စိုး(ဝ/သရန်ကုန်)]
- ၄:၁၅ ဓနုဖြူမြို့ရဲ့ အထင်ကရနေရာများဆီသို့ အလည်တစ်ခေါက်
- ၄:၂၀ စေတနာအစွမ်းဖြင့် ချမ်းမြေ့သာယာ ဘိုးဘွားရိပ်သာ
- ၄:၄၀ ဆင်စွယ်ပန်းပုအခြေပြု လှူလောကကိုအလှဆင်မည်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၆:၅၅	Chelsea-Everton	Star Sports (Live)
၉:၀၀	Birmingham-Sheffield	Star Sports (Live)
၉:၂၅	Stoke City-Brighton	ESPN (Live)
၁၀:၃၀	Man U-Crawley Town	Star Sports (Live)

မြောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၁၉ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်းသတိပြု

မီးလောင်လွယ်သောပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်းကို မေ့လျော့ပေါ့လျော့စွာထားရှိခြင်း၊ ဖယောင်းတိုင်မီးထွန်း၍ စာကြည့်ခြင်း၊ အိပ်ပျော်သွားခြင်း၊ ဖယောင်းတိုင်မီးဖြင့် မော်တော်ကား ဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာ၊ ခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေထွန်းခြင်း၊ မော်တော်ကားခေါင်းခန်း ကူရှင်ပေါ်တွင် ခြင်ဆေးခွေထွန်းခြင်း၊ မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ထားရှိခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်ပွားလျက်ရှိသကဲ့သို့ မလိုလားအပ်သောဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးများ သုံးစွဲပါက လူစောင့်ထားရှိကြရန်၊ လူစောင့်မရှိပါက မီးငြိမ်းထားကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မီးသတ်ဦးစီးဌာန)**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်ကော်မြို့နယ်၌ ငွေတောင်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပစဉ်။ (မြို့နယ်စည်ပင်)

စာမျက်နှာ ၅ မှ

ထို့နောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ဆောင်ရွက်ခဲ့

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဆောင်ရွက်ရာ၌ လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင် ကော်မတီဝင်များ ခန့်အပ်တာဝန်ပေးအပ်ရန် ဆောင်ရွက်ရာ၌လည်းကောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၆(က) နှင့် ပုဒ်မ ၂၇၁(က)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၀ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

မိုးညှိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၉ ရက်က သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဝေမောင်နှင့် အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဘွန်အဲလ်နှင့် မီးသတ်ဝန်ထမ်းများ လက်တွေ့သရုပ်ပြသရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူစိုးနှင့် အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကော့သောင်းမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြမှုကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးရွှေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့မဈေး (၂)တွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၃ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးသောင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ကြိုင်နှင့် အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (၁၈၀)

သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၂ ရက်က သွပ်ဝိုင်းကြီးရပ်ကွက်၌ မြို့နယ် မီးသတ်ဦးစီးမှူး ဦးဉာဏ်ထွန်းနှင့်အဖွဲ့၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းရီတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၂၁)

အိမ်ရာနှင့် အဆောက်အအုံပြပွဲ တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

IEMS Company Limited သည် HOUSING & BUILDING 2011 (အိမ်ရာနှင့် အဆောက်အအုံပြပွဲ-၂၀၁၁)ကို မတ် ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိသည်။

ဆက်သွယ်မေးမြန်းနိုင်

ပြပွဲတွင် Shine Group of Companies မှ အရစ်ကျငွေပေးချေမှု/ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ခြင်းစနစ်များဖြင့် အိမ်ရာ အရောင်းပြခန်းများ၊ Kaung Myat Zaw Co., Ltd. မှ ဗီယက်နမ်နိုင်ငံထုတ် Viglacera အမှတ်တံဆိပ် အိမ်တွင်းအလှဆင် ပစ္စည်းများနှင့် အိမ်အမိုးပြား အမျိုးမျိုး၊ So Su Co Sanitary ware / COTTO Tile များ၊ Home Plus မှ အိမ်တွင်း အလှဆင်ပစ္စည်း အမျိုးမျိုး၊ Cool Speed မှ အပူခံဆေးများနှင့် United Asia Co., Ltd. မှ Aux တံဆိပ် Aircon များ၊ Myat Kan Moe / ELBA / Crown Electronics / Fudak / JBS Electronic နှင့် Treasure Place Company မှ Pansonic အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းများ၊ KMD / NCTC တို့မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Timberland/ Lin Win / Gold Coil / Osim / စိန်နှင့်မြ/ Ocean Glory / ရွှေပင်ငွေပင်တို့မှ ခေတ်မီအိမ်သုံး၊ ရုံးသုံး၊ ဆန်းသစ်သော ပရိဘောဂများနှင့် မီးခံသေတ္တာများ၊ Rinnai မှ နောက်ဆုံးပေါ် Gas Stove အမျိုးမျိုး၊ Allways မှ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ Ever Live မှ Nahm တံဆိပ် ရေချိုးခန်းသုံးပစ္စည်း အမျိုးမျိုး၊ K & Dl Co., Ltd. မှ ဆောက်လုပ်ရေးနည်းပညာသုံးပစ္စည်းများ၊ MNZ မှနောက်ဆုံးပေါ်ငွေရေစက်များ၊ Caribbian တံဆိပ် ရေသန့်စက်များ၊ Sin Pauk Trading Co.,Ltd./Uniteak/ Home Distribution Group/ Parami Trading Co.,Ltd./Maruart တို့မှ Viny 1 ကြမ်းခင်းအမျိုးမျိုးနှင့် တံခါးအမျိုးမျိုး၊ K-Company မှ မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုး၊ The One PE Tank မှ ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီ အမျိုးမျိုး၊ United Lighting မှ အိမ်တွင်းအလှဆင် မီးဆိုင်းအမျိုးမျိုး၊ Tractor King မှ Generator နှင့် Machinery များ၊ ငွေကြယ်စင်မှ မော်တော်ယာဉ် အသစ်အဆန်း အမျိုးမျိုး ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များ အပြင် ပြပွဲလာရောက် ကြည့်ရှုလေ့လာသူများအတွက် နေ့စဉ် Laptop တစ်လုံး ကံထူးသူရွေးချယ်ပေးသွားမည်ဖြစ်ကာ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၉-၈၆၂၆၀၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ပဲခူးခရိုင် ကဝမြို့နယ် ရွှေညောင်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ပဲခူးခရိုင်လုံးဆိုင်ရာ ထက်မြက်ထူးချွန် ရူပဗေဒဘာသာပထမဆုရရှိသော တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်ဘိုထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

KNU အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူ လေးဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

KNU အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့် ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝါးဘိုးတောဒေသ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဒေသခံ ဦးဇော်လေးထူး၏ ရောက်ခြံအတွင်း လက်နက်ကြီးဖုံးသီးများ ကျရောက်ပေါက်ကွဲပြီး ခြံအလုပ်သမား လေးဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရလူနာသုံးဦးအား ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၉-၂-၂၀၁၁ (စနေနေ)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၄၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀	၃။	နိုင်ငံတော်သီချင်း
၁၁း၁၅	၄။	အဖွင့်သီချင်း
၁၁း၂၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၅	၆။	ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၃၁)
၁၂း၀၀	၇။	ရုပ်မြင်သံကြားဇာတ်လမ်း **မရဲ့ ပါးတစ်ဖက်** ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၃း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀	၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၄၂)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀	၃။	နိုင်ငံတော်သီချင်း
၄း၁၃	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	မြန်မာသံစဉ်
၄း၃၀	၇။	ကုန်သွယ်သုတ
၄း၄၅	၈။	အားလုံးရဲ့တာဝန်
၄း၅၅	၉။	၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ပထဝီဝင်)
၅း၁၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၁။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	**စားဖိုဆောင်ချစ်သူ**
၆း၅၀	၁၅။	ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၃၉)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	လူရွှင်တော်စကား
	၂၂။	လျှပ်တစ်ပြက်
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၅)
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၂၉)

ပြည်ပအတွေ့အကြုံ ရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၏ စီမံကြီးကြပ်မှုနှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေး ဖောင်ဒေးရှင်း၏ ပါဝင်ပံ့ပိုးမှုဖြင့် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ဒီဇင်ဘာ ၂၀၁၀ (နေပြည်တော်) တက်ရောက်ခဲ့သူ ကိုယ်စားလှယ်များထဲမှ ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့သော ကိုယ်စားလှယ်များ၏ ပြည်ပအတွေ့အကြုံ ရှင်းလင်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်း၊ ဦးကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လေ့လာရေးခရီး သွားရောက်ခဲ့ကြသူများ တက်ရောက်ကြသည်။

ထို့နောက် လေ့လာရေးခရီး သွားရောက်ခဲ့ကြသူများကိုယ်စား ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသာထွန်းကျော်၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထွန်း၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဌာနခွဲမှူး ဒေါ်စီစီမြင့်နှင့် လက်ထောက်ကထိက ဒေါ်ဆောင်ဆွမ့်တို့က လေ့လာရေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သူ ကိုယ်စားလှယ်များထဲမှ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သော ကိုယ်စားလှယ်များ၏ ပြည်ပအတွေ့အကြုံ ရှင်းလင်းသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အာရှပတ်လည် မြားပစ်ပြိုင်ပွဲ ဗန်ကောက်၌ကျင်းပ
မြန်မာတို့ ရွှေသုံးခု၊ ကြေးတစ်ခု စတင်ဆွတ်ခူး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၁၁ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယနေ့စတင် ကျင်းပရာ ပထမနေ့ ပွဲစဉ်များအပြီးတွင် မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု စတင်ဆွတ်ခူးရရှိသွားသည်။

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်သုံးခုကို အမျိုးသား Compound အသင်းလိုက် အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ အမျိုးသမီး Compound အသင်းလိုက် အမှတ်ပေးပြိုင်ပွဲမှ တစ်ခုနှင့် အမျိုးသမီး Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ အောင်ငိုမ်းက တစ်ခုတို့ ဆွတ်ခူးရယူပေးခဲ့ခြင်း ဖြစ်သည်။ ကြေးတစ်ခုကိုမူ အမျိုးသား Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ ရဲမင်းဆွေက ရရှိခဲ့ခြင်းဖြစ်သည်။အဆိုပါပြိုင်ပွဲကို ကမ္ဘာ့မြားပစ်ထိပ်သီး ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အီရန်၊ အမေရိကန်နှင့် ပြင်သစ်တို့အပါအဝင် နိုင်ငံ ၂၁နိုင်ငံမှ ကစားသမား ၁၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သော မြန်မာအမျိုးသမီး မြားပစ်အဖွဲ့ကို တွေ့ရစဉ်။

Automobile & Living Products Show
တပ်မတော်ခန်းမ၌ ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

CONQUEST ORGANIZING GROUP က ကြီးမှူးပြီး ရွှေသံလွင် ကုမ္ပဏီ (SKY NET)၏ အဓိကပံ့ပိုးကူညီမှုဖြင့် Automobile & Living Products Show ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။

ခင်းကျင်းပြသ

ပြပွဲတွင် မော်တော်ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ စက်ဆီ၊ ချောဆီ၊ ဘက်ထရီ၊ တာယာနှင့် လူသုံးကုန်ပစ္စည်းများ၊ ရုပ်မြင်သံကြားဖျော်ဖြေရေးစနစ်များ၊ ပရိဘောဂများ၊ အလှကုန်၊ အဝတ်အထည်နှင့် စားသောက်ကုန်တို့ကို ခင်းကျင်းပြသထားသည်။ (ဝဲပုံ)

အဆိုပါ ပြပွဲတွင် ရွှေသံလွင်ကုမ္ပဏီ (SKY NET)၊ Myanmar Kowa Co., Ltd., Home Distribution Group, Mega Live Science, စိန်နှင့်မြ၊ Lucky Man, Home Glory, Maung Kyaw Win, Zay Man Taing Co., Ltd., Billion Bright, San Ngwe Yaung Co., Ltd., Naing Brothers, Living Energy, Alpha Co., Ltd., Mya Pan War Co., Ltd. အပါအဝင် ကုမ္ပဏီပေါင်း ၄၀ တို့ ပါဝင်ပြသကြသည်။

ပြပွဲတွင် UNIQUE Model Agency က ပြပွဲသို့ လာရောက်သည့် ပရိသတ်များအား ဖျော်ဖြေ တင်ဆက်ပြီး ပါဝင်ပြသရောင်းချသည့် ကုမ္ပဏီများကလည်း Discount များ၊ လက်ဆောင်များပေးအပ်ပြီးအရောင်းမြှင့်တင်ရေး အစီအစဉ်များဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် – ရေးသားသည် ➤



ပြင်သစ်မှ အေတီဗွီ - ၂ အာကာသယာဉ်လွှတ်တင်

ပါရီ ဖေဖော်ဝါရီ ၁၈

ဥရောပ၏ ဒုတိယမြောက် အေတီဗွီ - ၂ အာကာသယာဉ်ကို လွှတ်တင်ရေး ပထမအကြိမ် ရွှေ့ဆိုင်းလိုက်ရပြီးနောက် ဖေဖော်ဝါရီ ၁၇ ရက် ဒေသစံတော်ချိန် ၁၈နာရီ မိနစ် ၅၀က ပြင်သစ်နိုင်ငံ ဂိုင်ရာနာ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

၎င်းအာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လောင်စာနှင့် ကုန်ပစ္စည်းများ သယ်ဆောင်သွားခြင်းဖြစ်ပြီး ယခုအခါ ပုံမှန်အနေအထားအတိုင်း ပျံသန်းနေကြောင်း အတည်ပြုပြောကြားသည်။ ၎င်းအာကာသယာဉ်ကို ဖေဖော်ဝါရီ ၁၆ ရက်က လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း နည်းစနစ်ပိုင်း ချွတ်ယွင်းမှုကြောင့် တစ်ရက်ကြာရွှေ့ဆိုင်းခဲ့ရပြီးနောက် ယခုအခါ အောင်မြင်စွာ လွှတ်တင်နိုင်ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ် မတ်လက အဲရီရာနီ-၅ အာကာသယာဉ်တစ်စင်းကို နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ဥရောပအာကာသအေဂျင်စီက ပထမဆုံးအကြိမ် စေလွှတ်ခဲ့သည်။ **(အင်တာနက်)**

တူရကီ၌ ရေနံလုပ်ကွက် ပေါက်ကွဲမီးလောင်
သုံးဦးသေဆုံး၊ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်

ဘတ်မင် ဖေဖော်ဝါရီ ၁၈

တူရကီနိုင်ငံ ဘတ်မင်မြို့အနီးတွင် ရေနံတူးဖော်ရေးလုပ်ကွက်တစ်ခု၌ ဖေဖော်ဝါရီ ၁၈ ရက်က ပေါက်ကွဲမီးလောင်မှုတစ်ရပ်ဖြစ်ပွားရာ သုံးဦးသေဆုံးခဲ့ကြောင်း တူရကီအရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

၎င်းပေါက်ကွဲမီးလောင်မှုမှာ တူရကီရေနံကော်ပိုရေးရှင်းပိုင် ဆီလ်မိ ရေနံတူးဖော်ရေးလုပ်ကွက်၌ ရေနံတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာမှ မီးလောင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ရေနံတူးဖော်ရေးလုပ်ကွက်၌ ဓာတ်ငွေ့ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာသို့ တူရကီမီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိလာပြီး မီးလောင်မှုမပြန့်ပွားရေးနှင့် အမြန်ဆုံး မီးငြိမ်းသတ်ရေးတို့ကို ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ဓာတ်ငွေ့ပေါက်ကွဲမီးလောင်မှုကြောင့် ရေနံတူးဖော်ရေးစခန်း၌ အဆောက်အအုံအချို့ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

အီရတ်၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၈

အီရတ်နိုင်ငံ မွတ်ဒါလီယာမြို့ မော်တော်ကားပြခန်းတစ်ခု၌ ဖေဖော်ဝါရီ ၁၇ရက်က ကားဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံးလူ ၁၃ ဦး သေဆုံးပြီး ၃၃ ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း လုံခြုံရေး သတင်းရပ်ကွက်က ပြောကြားသည်။ အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် မိုင် ၅၀ အကွာ ဒီယာလာပြည်နယ် မွတ်ဒါလီယာမြို့ ကားပြခန်း၌ ဖြစ်ပွားခဲ့ရာ မော်တော်ကားစီးရေ ၃၀ ခန့် မီးလောင်သွားခဲ့ကြောင်း လုံခြုံရေး သတင်းရပ်ကွက်က ဆိုသည်။ **(ယာပုံ)**

ဗုံးခွဲတိုက်ခိုက်သူသည် ခဏကြာပြန်လာမည်ဟု ပြောဆိုကာ မော်တော်ကားကို ထိုအရောင်းပြခန်း၌ ထားရစ်ခဲ့ပြီး နာရီဝက်ခန့်အကြာ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အခင်းဖြစ်ပွားရာနေရာမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။ အလားတူ ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် လွန်ခဲ့သည့် သီတင်းပတ်က ဆာမာရာမြို့၌ ဖြစ်ပွားခဲ့ရာ လူ ၄၈ ဦး သေဆုံးပြီး ၈၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ရတနာလမ်း သစ်အိမ်ရာ၊ တိုက် ၉၊ အခန်း ၀၀၁ ၏မူလ အမည်ပေါက် ဦးသိန်းအောင် ၁၂/စခန(နိုင်)၀၁၂၃၇၈ ထံမှ ဒေါ်မြင့်မြင့်သန်း ၁၂/ဆကခ(နိုင်) ၀၀၅၇၁၇ က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည် ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန် ဥယျာဉ်အိမ်ရာ၊ တိုက် ၃၊ အခန်း ၄၀၄၏ မူလအမည်ပေါက် ဒေါ်ခင်မျိုးနွယ် NBN-၁၅၆၉၀၂ ထံမှ ဒေါ်ခင်ခင်စိုး ၁၂/လမန(နိုင်) ၀၁၂၁၀၇ က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထား တင်ပြလျက် ၁၄ရက်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ဗဝတီရပ်ကွက်၊ အကွက်အမှတ် ၄၆၉၊ ဦးပိုင်အမှတ် ၇(ခဲစင်းပြ)/၈၄ လမ်း၊ အမရပူရမြို့ရိုးမြောက်ဘက်မုခ်ဦး တန်းကြား၊ မရီ၊ ကိုအောင်သိန်းအမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ဒေါ်လှလှရွှေ ၉/မရတ(နိုင်)၀၄၉၂၉၁က အမှုတွဲအမှတ် ၀၄၁၄/ဘ(ခွဲ၊ ပြောင်း)၊ ၂၀၁၀-၂၀၁၁ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။



ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၆၂၉၅၂ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးမင်း ၉/မတရ(နိုင်)၀၀၀၃၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေး။**

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၁၂၄၆၀ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းရွှေ ၁၃/ကတန(နိုင်)၀၈၇၄၄၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ ရမည်းသင်း။

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၆၇၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၉/ရမသ (နိုင်)၀၃၂၉၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန(ခရိုင်ရုံး)၊ ရမည်းသင်း။**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄/၁၊ မြေကွက်အမှတ် ၄၈/၁၊ မြေကွက်တည်နေရာ ဦးရင်သန်း၊ ဒေါ်ဝင်းမြအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ထံမှ အရောင်းအဝယ်စာချုပ် $\frac{၄၁၀၉/၉၇}{၂၇-၈-၉၇}$ ဖြင့် ဝယ်ယူထားသူ ဦးကျော်မြ၊ ဒေါ်ရီတို့ ကွယ်လွန်သဖြင့် (၁) ဦးရွှေတင့် ၁၂/ဥကတ(နိုင်) ၁၀၇၅၆၃၊ (၂)ဒေါ်စန်းစန်းရွှေ၁၂/ ဥကတ(နိုင်) ၁၀၇၃၁၉၊ (၃) ဒေါ်စန်းစန်းအေး ၁၂/ဥကတ(နိုင်)၁၀၂၇၅၂၊ (၄)ဦးတင်ထွေးကျော် ၁၂/ဥကတ(နိုင်) ၁၃၄၇၇၈၊ (၅) ဒေါ်လှလှအေး ၁၂/ဥကတ(နိုင်) ၁၀၇၃၁၀တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် ဦးရွှေတင့်+၄ ၏ ကိုယ်စားလှယ်လွှဲစာအမှတ် $\frac{၁၁၉၁/၁၁}{၂၅-၁-၁၁}$ ဖြင့် GP ဦးမင်းမြတ်အောင်က မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် ၈၃၆၊ ဦးပိုင်အမှတ် (၄၈)(ခဲ)၊ ၈၁လမ်း×၈၂လမ်း၊ ၄၂လမ်း×၄၃လမ်းကြား၊ ဦးကျော်ဇောအမည်ပေါက်မြေကွက်အား ဦးမိုးကျော် ၁/မကန(နိုင်)၀၁၅၈၈၆ က အမှုတွဲအမှတ် ၀၅၅၁/ဘ(ခွဲ၊ပြောင်း) ၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (ဘ၊ ခွဲ၊ပြောင်း) လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ် ၂၅၊ အခန်းအမှတ် ၂၄ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မြင့်ဦး ၁၂/သကတ(နိုင်) ၀၂၉၈၅၂ထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဦးအောင်မျိုးခိုင် ၁၂/ရကန(နိုင်) ၀၆၂၆၄၂က ပိုင်ရှင်အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်မတလ/၃၈၉၇၂ Hensim 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်စုသင်း ၉/မသန(နိုင်)၀၈၂၂၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (ခရိုင်ရုံး)၊ကျောက်ဆည်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဇော်ထွန်းဦး၏ ပတ်စ်ပို့နံပါတ်-၁၀၃၇၄၀ ပျောက်ဆုံးသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၂၆၀၆၀၇။

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ CG ၊ မြေကွက်အမှတ် ၁၂၂၃·A၊ မြေကွက်တည်နေရာအမှတ် ၄၂၊ ဦးအောင်ဘလမ်း၊ ဗဟန်းမြို့နယ် ဒေါ်တိုးမီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တိုးမီနှင့် ခင်ပွန်း ဦးကျော်လင်းတို့ကွယ်လွန်သဖြင့် (၁)ဒေါ်ဆင့်ဆင့်၁၂/ဒဂန(နိုင်)၀၂၀၇၀၅၊ (၂)ဒေါ်ဥမ္မာကျော် ၁၂/ဗဟန(နိုင်) ၀၆၁၈၀၂၊ (၃)ဒေါ်အေးမာကျော် ၁၂/ဗဟန(နိုင်)၀၆၂၆၀၆ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် ၁၁၊ အခန်း အမှတ် ၁၁၆သည် ယခုလက်ရှိ ဦးစံကြည် အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဦးစံကြည်မှ ဒေါ်အေးမြမွန် ၇/ပခန(နိုင်)၀၁၁၆၇၀ သို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်အေးမြမွန် ၇/ပခန(နိုင်) ၀၁၁၆၇၀က တိုက်ခန်းပိုင်ဆိုင်မှု အမည် ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၅၊ ဦးပိုင် အမှတ် ၅၃၊ ၄၉ လမ်း×လမ်း ၅၀၊ နှင်းဆီလမ်း×မြတ်လေးလမ်းကြား၊ ဦးစိုးသန်း အမည်ပေါက်မြေကွက်အား ဒေါ်လီဖင်းလန် ၁၃/လရန(နိုင်)၁၁၇၂၄၃ က အမှုတွဲအမှတ် ၁၅၁၀/၂၀၁၀-၂၀၁၁ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၅၊ ဦးပိုင်အမှတ် ၅၅၊ ၄၉ လမ်း×လမ်း ၅၀၊ နှင်းဆီလမ်း×မြတ်လေးလမ်းကြား၊ ဦးစိုးသန်း အမည်ပေါက်မြေကွက်အား ဒေါ်လီဖင်းလန် ၁၃/လရန(နိုင်)၁၁၇၂၄၃ က အမှုတွဲအမှတ် ၁၄၉၅/ ၂၀၁၀-၂၀၁၁ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်းဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၈၇၉၆ Isuzu CLM 470 Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၉/မနတ(နိုင်)၀၆၉၀၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေး။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၂၇၈၃၈၂ Hensim 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူမာ ၉/ကဆန(နိုင်) ၁၂၆၆၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ကျောက်ဆည်။

သင့်
သွေးဖြင့်
အသက်ကယ်ပါ

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ပြည်နယ်အဆင့်နည်းပြများ သင်တန်းဖွင့်

လားရှိုး ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ပြည်နယ်အဆင့် သင်တန်းနည်းပြများ သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက လားရှိုးမြို့ ပြည်နယ်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အဆင့် ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဝင်းက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနတို့မှတာဝန်ရှိသူများ၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပြည်နယ်အဆင့်လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ် မြေစာရင်းဦးစီးဌာနများမှ သင်တန်းသားအရာရှိ ၂၈ ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ်မြေစာရင်း)**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကန်ကြီးထောင့်မြို့နယ်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးညဏ်လှိုင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇလွန်မြို့မဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၃ ရက်က ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်အေးမြတ်သူ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုနေ့အခမ်းအနား နမ့်ခမ်း၌ကျင်းပ

နမ့်ခမ်း ဖေဖော်ဝါရီ ၁၇

မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက နမ့်ခမ်းမြို့နယ် မြို့မအားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ နမ့်ခမ်းမြို့နယ် ဥက္ကဋ္ဌ ဦးကောင်းညွန့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး အစီအစဉ်အရ နိုင်ငံတော်အလံအား အလေးပြုကြပြီးနောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကောင်းညွန့်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရေးမြို့နယ်၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်းက ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားစဉ်။(မြို့နယ် ပြန်/ဆက်)

(၁၂၉) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀) သွေးလှူဘဏ်တွင် ဦးစိုးတင့်သည် ဖေဖော်ဝါရီ ၃ ရက်က (၁၂၉)ကြိမ်မြောက်သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

သဝဏ်လွှာဖတ်ကြား

(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က လင်းခေးမြို့ ပြည်ငြိမ်းအေးအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုနေ့ သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆွေက ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်း
ထွေတလာ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၌ သဘောတူညီချက်ရယူ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို သဘောတူကြောင်းအတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပကြရာ အဆိုပါအစည်းအဝေးများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းတို့ကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီချက်များဖြင့် အသီးသီးအတည်ပြုကြေညာခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်

ကချင်ပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော မြစ်ကြီးနားခရိုင် ဥပဒေရုံးမှ ဥပဒေအရာရှိ အဆင့်(၁) ဒေါ်မေရီမီနန်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်စာရင်းရုံး၊ ညွှန်ကြားရေးမှူး အငြိမ်းစား ဦးညိုမိုင်း၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅၀)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ ●